Website: www.shanhumanrights.org

Email: shanhumanrights@gmail.com

Phone: + 66 (0) 93-297-7754

နိုဝင်ဘာ ၂၀ ရက် ၂၀၁၅ ခုနှစ်

**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှနောက်ဆုံးရသတင်း။**

**လူထု (၆၀၀၀) နေထိုင်ရာမိုင်းနောင်မြို့တဝိုက်ကိုဗမာအစိုးရစစ်တပ်မှလက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ဗုံးကြဲခြင်းများသည်စစ်ရာဇဝတ်မှုများဖြစ်သည်။**

၂၀၁၅ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၂ရက်နေ့အတွင်းရှမ်းပြည်နယ်အလည်ပိုင်းရှိမိုင်းနောင်မြို့တဝိုက်ကိုဗမာအစိုးရစစ်တပ်မှလက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ဗုံးကြဲခြင်းများကိုရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှပြင်းထန်စွာရှုတ်ချလိုက်ပါသည်။လူဦးရေ(၆၀၀၀)နေထိုင်ရာသို့ဗဟိုပြုပစ်ခတ်ခြင်း၊ဗုံးကြဲခြင်းတို့ကြောင့်အိုးအိမ်များပျက်စီးရခြင်း၊လူထုများကိုထိခိုက်အနာတရဖြစ်စေသည့်အတွက်စစ်ရာဇဝတ်မှုကျူးလွန်ရာကျပါသည်။နိုင်ငံတကာအသိုင်းအဝိုင်းမှရှုတ်ချအပြစ်တင်ရမည်ဖြစ်သည်။

မိုင်းနောင်မြို့သည်အစိုးရထိန်းချုပ်ရာမြို့တမြို့ဖြစ်ပြီးဗမာအစိုးရစစ်အခြေစိုက်စခန်းသုံးခုကပိုင်းရံထားပါသည်။မြို့၏အနောက်မြောက်ဘက်တွင်ကြီးမားသောစစ်ဆင်ရေးကွပ်ကဲရေးဌာနချုပ်အမှတ်၂လည်းရှိပါသည်။တည်ရှိစဲအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ရှိသော်လည်းဗမာအစိုးရစစ်တပ်တို့သည်အောက်တိုဘာ(၆)ရက်နေ့မှစ၍ပစ်မှတ်ထားထိုးစစ်ဆင်တိုက်ခိုက်ရာရှမ်းပြည်တိုးတက်ရေးပါတီ၊ရှမ်းပြည်တပ်မတော်(SSPP/SSA)ဌာနချုပ်ဝမ်ဟိုင်း၏တောင်ဖက်မိုင်(၂၀)အကွာတွင်ရှိပါသည်။နိုဝင်ဘာလရက်နေ့မတိုင်မီမိုင်းနောင်မြို့အရှေ့ဘက်နှင့်မြောက်ဖက်တို့တွင်တိုက်ပွဲများဖြစ်ပွါးခဲ့ပါသည်။တိုက်ပွဲဖြစ်ရာဒေသမှရွာသူရွာသား(၂၀၀)ခန့်သည်မြို့ထဲရှိဘုန်းကြီးကျောင်းများတွင်ခိုလှုံနေကြပါသည်။

ဗမာအစိုးရစစ်တပ်သည်မိုင်းနောင်မြို့ကိုနိုဝင်ဘာလ(၉)ရက်နေ့ညတွင်စတင်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးကျည်တို့မှာစစ်ဆင်ရေးကွပ်ကဲရေးဌာနချုပ်အမှတ်(၂)ရှိရာလာခြင်းဖြစ်ပြီးမြို့လယ်သို့ ကျရောက်ပါသည်။မြို့အနောက်ဖက်ရှိနားလိင်လျှံရွာထဲသို့လည်းကျရောက်ခဲ့ပါသည်။လက်နက် ကြီးများလက်နက်ငယ်များဖြင့်ပစ်ခတ်ခြင်းကိုနိုင်ဝင်ဘာ၁ဝရက်နေ့နံက်စောစောအထိလုပ်ခဲ့သဖြင့် မြို့ထဲရှိအမှတ်(၁)နှင့်(၄)ရပ်ကွက်နှင့်နားလိင်လျှံရွာထဲမှအိုးအိမ်များပျက်စီးရပါသည်။လက်နက် ကြီးစပစ်သည်နှင့်ရွာနေလူထုတို့မှာမိမိတို့အိမ်နီးနားတွင်ဗုံးခိုကျင်းများ၊ကတုတ်များကိုယ့်ဘာသာ ဆောက်ခါခိုအောင်းနေကြသောကြောင့်ကံကောင်း၍ အထိအခိုက်မရှိချေ။

နိုဝင်ဘာလ (၁ဝ) ရက်နေ့တွင် ဗမာအစိုးရစစ်ရဟတ်ယာဉ်များနှင့် ဂျက်လေယာဉ်တစီးသည် မြို့ပေါ်သို့ ပျံဝဲပြီးမြို့ လယ်ကိုဗုံးများကျဲချသဖြင့်ဒေသရှိအထက်တန်းကျောင်းနှင့် ပတ်ဝန်းကျင်ရှိ အဆောက်အဦးများကိုပျက်စီးစေခဲ့သည်။ အိမ်တွင်းနေသည့်ဆရာမတစ်ယောက်မှာဗုံးစမှန်သဖြင့် ဒဏ်ရာရခဲ့သည်။



နိုဝင်ဘာလ ၁၀ ရက်နေ့ ၂၀၁၅ ခုနှစ် တွင် ရဟတ်ယာဉ်တစ်စီးမှ မိုင်းနောင်သို့ ဗုံးကြဲ



နိုဝင်ဘာလ ၁၀ ရက်နေ့ ၂၀၁၅ ခုနှစ်လေကြောင်းမှဗုံးကြဲခြင်းတို့မှာ မိုင်းနောင် အထက်တန်းကျောင်း ပရဝုဏ် အတွင်းကျရောက်

ဗုံးကြဲပြီးနောက် အစိုးရတပ်တို့သည် မြို့ကိုပိုက်စိပ်တိုက်၍ ရှမ်းစစ်သားများကိုရှာသည်။ အိမ်တံခါး ကိုဆောင့်ကန်ဖွင့်ပြီးအိမ်ရှင်ကိုဒူးထောက်စေခါရှမ်းစစ်သားကိုတွေ့ပါကအားလုံးကိုသတ်ပစ်မည်ဟု ခြိမ်းခြောက်ကြောင်းအမျိုးသမီးတဦးကပြောပြသည်။



လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပါငြမ် ၏ ပြောင်းဖူးကျီပျက်စီးဆုံးရှုံး



လက်နက်ကြီးပစ်ခတ်မှုကြောင့် လုံးဇော်မင်း နှင့် ပါထွေး တို့၏ အိမ်ပျက်စီးဆုံးရှုံး

ဒေသခံအရပ်သားများကိုထိန်းသိမ်းပြီးရှမ်းစစ်သားများဘယ်မှာရှိသည်ကိုစစ်မေးသည်။ နိုဝင်ဘာ (၁၀)ရက်မွန်းတည့်အချိန်တွင်အသုဘအခန်းအနားမှပြန်လာသောလုံးကြာညွန့်ကိုသူ့အိမ်အပြင်တွင် အစိုးရစစ်သား ၅၀ တို့ကဖမ်းဆီးသည်။ ၎င်းနှင့် အတူတခြားလူနှစ်ယောက်တို့ကိုဖမ်း၍ မြို့အနောက်ဖက် တပ်ရင်း (၂၈၆) ရှိရာသို့ ခေါ်သွားသည်။ သူတို့ကို ရှမ်းစစ်သားများ ကိုပှက်ထားသလားဟု တနာရီကြာမှ စစ်မေးသည်။နောက်မှ လွှတ်ပေးလိုက်သည်။

နိုဝင်ဘာ (၁၁) ရက်နေ့တွင် အစိုးရစစ်သားတို့ကမိုင်းနောင်မြို့ ရပ်ကွက် (၁)မှ ပုံးဒဏ်ရှောင်နေသော အရပ် သားတို့၏ အိမ်များကိုလုယက်ကြောင်းသတင်းပို့သည်။

နိုဝင်ဘာ ၁၂ ရက်နေ့နံက်စောစောတွင် စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်အမှတ်(၂) မှ မြို့ထဲသို့ လက်နက်ကြီးဖြင့် ထပ်မံပစ်ပြန်ရာရပ်ကွက်အမှတ်(၄) ရှိအိမ်တလုံးပျက်စီးသွားသည်။

နိုဝင်ဘာ(၁၂)ရက်မှာပင်လက်နက်ကြီးဖြင့်ပစ်ခြင်း၊ပုံးကျဲချခြင်းတို့ကြောင့်မိုင်းနောင်နေလူထုအများတို့မှာသူတို့၏အိမ်များမှထွက်ပြေးကြရသည်။ ဆင်းရဲသားအများစုမှာပြေးစရာနေရာမရှိ၍ မပြေးနိုင်ကြပေ။ တချို့တို့မှာလုံခြုံရေးအတွက် မင်္ဂလာရန်အောင် ဘုန်းကြီးကျောင်းတွင် ညအခါခိုလှုံကြသည်။ အစိုးရစစ်သားတို့ကထိုကျောင်းတွင် ခိုနေသူတိုင်းကိုမှတ်ပုံတင်စစ်သဖြင့် လူထုမှာပိုမိုကြောက်လန့်နေကြရသည်။

နိုဝင်ဘာလ ၁၂ ရက်နေ့ညတွင် အစိုးရတပ်ကမိုင်းနောင်မြို့ကိုညမထွက်ရအမိန့်ထုတ်လိုက်သည်။ ဒေသလူထုများအိမ်မှထွက်ခွါခြင်းကိုတားမြစ်လိုက်သည်။ရှမ်းစစ်သားများကမြို့လာတိုက်လိမ့်မည် ဟုသတိပေးသည်။ မြို့မှ ထွက်ခွါခြင်းကိုလည်းတားမြစ်သည်။ ဖုန်းလိုင်းများကိုလည်း ဖြတ်တောက်လိုက်သည်။လယ်ရိတ်သိမ်းချိန်ဖြစ်နေသော်လည်းလယ်သမားများကိုလည်းမြို့ပြင်ရှိလယ်မှာစပါး များကိုရိတ်သိမ်းခွင့် မပြုချေ။



*မိုင်းနောင်မှအမျိုးသမီးအိုကြီး လဲချားသို့ထွက်ပြေးတိမ်းရှောင်ခိုလှုံ*

ထိုအချိန်မှစ၍မိုင်းနောင်မြို့ကိုလုံခြုံရေးတင်းကြပ်ထားသည်။မြို့နေမူလလူထု(၆၀၀၀)မှသုံးပုံနှစ်ပုံ သည်မြို့ကိုစွန့်ခွါသွားကြပြီဟုခန့်မှန်းရသည်။တခြားမြို့နှင့်ရွာများသို့သွားရောက်ခိုလှုံနေကြရသည်။ မြို့ ၏မြောက်ဖက်ရှိရွာများကိုလက်နက်ကြီးများဖြင့် ဆက်လက်ပစ်ခတ်နေမှုကြောင့် နေရပ်စွန့်ခွါ ထွက်ပြေးသူအများစုတို့မှာနေရပ်ပြန်ရန်ကြောက်ရွံ့နေကြသည်။

အရပ်သားများစုဝေးနေထိုင်ရာ ဒေသများကိုအစိုးရတပ်မှ ဖိနှိပ် တိုက်ခိုက်ခြင်း၊ဖျက်ဆီးခြင်းတို့ အတွက် ရှမ်းလူ့အခွင့် အရေးမဏ္ဍိုင်မှ ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချပါသည်။ ဤစစ်ရာ ဇဝတ်ပြစ်မှုများအတွက်ဗမာအစိုးရစစ်တပ်ကိုတာဝန်ခံစေပြီး၊ဤသို့တိုက်ခိုက်မှုများ အတွက် နိုင်ငံ တကာအသိုင်းအဝိုင်းမှ အပြစ်တင်ရှုတ် ချကြ ရန် တိုက်တွန်းလိုက်ပါသည်။

**မိုင်းနောင်မြို့မှ ထွက်ပြေးလာသူမြို့နေများကိုမေးမြန်းချက်။**

၁။ ယခုအခါ တောင်ကြီးတွင် လာရောက်ခိုလှုံနေသည့် မိုင်းနောင်မြို့ရပ်ကွက် အမှတ်(၁) နေအသက် ၇၅ နှစ်ရှိအမျိုးသမီးကြီးအားမေးမြန်းချက် ( နိုဝင်ဘာ ၁၈၊ ၂၀၁၅)

"လက်နက်ကြီးကျသံတွေ၊ဗုံးကျသံတွေကြားတော့လူအတော်များများသူတို့အိမ်ကထွက်ပြေးကြ တယ်။ ငါတို့လည်းထွက်ပြေးတာပေါ့၊ အဝတ်အစားတွေတောင် ယူဖို့အချိန်မရဘူး။ဗုံးတွေ၊ အမြောက်ဆံတွေဘယ်လောက်ကျလဲဘယ်ရေတွက်နိုင်မလဲ၊အများကြီးဘဲ။ ငါတို့. လည်းကြော က်လွန်းလို့ ထွက်ပြေးမည့်လမ်းဘဲရှာထွက်လာတာ။ ငါတို့ကကြောက်လန့်နေတာ၊ ဘာ လုပ်ရမှန်းလည်းမသိဘူး။ညမှာလက်နက်ကြီးနဲ့ပစ်တယ်၊နေ့ခင်းမှာဗမာအစိုးရစစ်ရဟတ်ယာဉ်တွေ ကမိန်းနောင်ကိုဗုံးကျဲတယ်။ ဗုံးတွေ ဘယ်နှစ်ဆယ်လည်းမသိ ရဟတ်ယာဉ်ကချတယ်။"

၂ ။ ယခုအခါ လဲချား တွင်လာရောက် ခိုလှုံနေပြီးမိန်းနောင်ရပ်ကွက် အမှတ်(၃) တွင် နေသည့် အသက် (၄၀) ခန့်ရှိအမျိုးသမီးကြီးအားမေးမြန်းချက် ( နိုဝင်ဘာ ၁၃၊ ၂၀၁၅) "ဗမာအစိုး ရစစ်တပ်တွေကမြို့ထဲကိုလက်နက်ကြီးနဲ့ပစ်တယ်။စစ်ရဟတ်ယာဉ်(၃)စီးယူလာပြီး အရပ်သားတွေ နေတဲ့မြို့ကိုဗုံးကြဲတယ်။ ငါတို့ သိပ်ကြောက်တယ်။ငါတို့ အိမ်ထဲကအိမ်ပြင်တောင် မထွက်ရဲ ဘူး။ ဘယ်အာဏာပိုင်မှလည်းလာမကူညီတဲ့အပြင်ဗမာအစိုးရစစ်သားကတံခါးကိုဆောင့်ကန်ဖွင့်ပြီးရှမ်း စစ်သားလာရှာသေးတယ်။တို့အိမ်ထဲမှာရှမ်းစစ်သားရှိတယ်လို့သူတို့ကပြောသေး တယ်။ ငါတို့က လည်းမရှိပါဘူးလို့ပြောပါတယ်။အိမ်ထဲရှာချင်ရှာကြည့်လို့။သူတို့ကအိမ်ထောင်ဦးစီးကိုဒူးထောက်ခို င်းပြီးရှမ်းစစ်သားရှိလားမေးတယ်။ငါတို့ကလည်းမရှိဘူးလို့ပြောတယ်။ ရှမ်းစစ်သားတွေ့ရင် နင်တို့ ကိုသတ်မယ်လို့ သူတို့ကပြောတယ်။တို့အိမ်ထဲမှာတွေ့ရင် အကုန်သတ်ပစ်လိုက်လို့ငါတို့ ကပြန်ပြောလိုက်တယ်။အိမ်ထဲမှာဗမာစစ်သားတွေ ဝင်ရှာတယ်။ဘာမှ မတွေ့တော့မှ သူတို့ ပြန်ထွက်သွားကြတယ်။

ငါတို့ကိုခြောက်တယ်။ ရိုက်တော့ မရိုက်ဘူး၊ ၁၀ လ အရွယ်ခလေးကငိုနေလို့ ဖြစ်မယ်။

ငါတို့ ပြေးလာပြီးနောက် နိုဝင်ဘာလ (၁၀) ရက်နေ့ မိုင်းနောင်မြို့မှာလူသိပ်မကျန်တော့ဘူး။ ကျန်တဲ့ လူတွေလည်းညဆိုရင် မင်္ဂလာရန်အောင်ဘုန်းကြီးကျောင်းမှာသွားအိပ်ကြရတယ်။ အဲဒီမှာလည်းဗမာစစ်သားတွေကမှတ်ပုံတင်သွားစစ်ပြန်တာဘဲ။

**ဗမာအစိုးရစစ်တပ်ကမိုင်းနောင်မြို့ကိုလက်နက်ကြီးနှင့်ပစ်၊ဗုံးကျဲခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရရမှုနှင့် ပျက်စီးမှု အသေးစိပ် ( နိုဝင်ဘာ - ၉ မှ ၁၂ အထိ၊ ၂၀၁၅) သိရသလောက်**

| နေ့စွဲနှင့် အချိန် | ပျက်စီးရခြင်းအကြောင်း | ဖျက်ဆီးခံအိမ်၏ ပိုင်ရှင်နံမည် | တည်နေရာ | ပျက်စီးသည့် ပစ္စည်း |
|---|---|---|---|---|
| | | | | |

| | | | | |
|---|---|---|---|---|
| နိုဝင်ဘာ ၉၊ ၂၃း၀၀ | လက်နက်ကြီးကျည် | လုံးဝင်းနိုင်နှင့် ပါထွေး | မိုင်းနောင် အရှေ့ နားလိုင်လျန်ရွာ | အိမ် |
| နိုဝင်ဘာ ၉၊ ၂၄း၀၀ | လက်နက်ကြီးကျည် | လုံးကာက | ရပ်ကွက် ၄၊ မိုင်းနောင်မြို့ | ထရပ်ကားနှင့် လယ်ထွန်စက် |
| နိုဝင်ဘာ ၁၀၊ ၅း၀၀ | လက်နက်ကြီးကျည်၊ သေနတ်ကျည် | ပါခမ်းအိန် | ရပ်ကွက် ၁၊ မိုင်းနောင်မြို့ | အိမ်၊ ပြတင်းပေါက်၊ကျည်ဆံမှန်၍ဂါယာကြိုး ပြတ်၊ မီးလောင် |
| နိုဝင်ဘာ ၁၀၊ ၇း၀၀ | လက်နက်ကြီးကျည် | လုံးဇော်မင်းနှင့် ပါမွန်း | ရပ်ကွက် ၁၊ မိုင်းနောင်မြို့ | အိမ် |
| နိုဝင်ဘာ ၁၀၊ ၈း၀၀ | ဗုံးကျ | လုံးဆန်အွန် နှင့် ပါဆက်(ပ်) | ရပ်ကွက် ၁၊ မိုင်းနောင်မြို့ | အိမ် |
| နိုဝင်ဘာ ၁၀၊ ၈း၀၀ | ဗုံးကျ | အထက်တန်း ကျောင်း | ရပ်ကွက် ၁၊ မိုင်းနောင်မြို့ | ကျောင်း |
| နိုဝင်ဘာ ၁၀၊ ၈း၀၀ | ဗုံးကျ | ဆရာမ ယဉ်ယဉ်နုအိမ် | ရပ်ကွက်၁။ မိုင်းနောင် | အိမ်ပျက်၊ ဗုံးစမှန်ဒဏ်ရာ |
| နိုဝင်ဘာ ၁၂ ၃း၀၀ | လက်နက်ကြီးကျည် | ပါငြိမ် | ရပ်ကွက် ၄၊ မိုင်းနောင်မြို့ | အိမ်ပျက်၊ ပြောင်းဆံကျီမီးလောင် |
| မသိ | လက်နက်ကြီးကျည် | လုံးကျော်ဟန် | ရပ်ကွက် ၁၊ မိုင်းနောင် | အိမ်ပျက်။ |

## ၂၀၁၅ခုနှစ် နိုဝင်ဘာဝင် ၁၉-၁၂ ရက်နေ့တွင်ဗမာစစ်အစိုးရစစ်တပ်လက်နက်ကြီး၊လေကြောင်းတို့ဖြင့်(မိုင်းနောင်)ကိုပုံးကြဲပစ်ခတ်




ဆက်သွယ်ရန်

စိုင်းပေါ်ရှဲန် + ၆၆ (၀) ၆၂-၉၄၁-၉၆၀၀ (ရှမ်း/ အင်္ဂလိပ်)

နန်းစံတောင်း + ၆၆ (၀) ၈၁-၆၀၃-၆၆၅၅ (အင်္ဂလိပ်/ ထိုင်း)

စိုင်းခွန်းမိုင် + ၆၆ (၀) ၉၄-၆၃၈-၆၇၅၉ (ဗမာ/ အင်္ဂလိပ်)